Aye Thandar Aung

# မိန်းမဆိုးလေး (ဖျာပုံ)



# မိန်းမဆိုးလေး

{၁}

မှောင်မည်း အေးစက်နေတဲ့ ညတစ်ညပေါ့၊ လူပျက်နေတဲ့ လမ်းမကြီးမှာ ကောင်မလေး နှစ်ယောက် ပြေးလွှားနေတယ်။ အသက် ခန့်မှန်းအားဖြင့် ညီအစ်မ နှစ်ယောက်လုံးက ဆယ့်ငါးနှစ် ဝန်းကျင်ဖြစ်သည်။ သူမတို့နှစ်ယောက် အမြဲတမ်း ပြေးလွှားရတဲ့ နေ့တွေထဲမှာ ဒီနေ့ကတော့ သူမတို့ အသက် ဘေးလွတ်ဖို့ ပြေးလွှားနေရတဲ့ နေ့တစ်နေ့ ဖြစ်သည်။ သူမတို့ အနောက်ကို သဲကြီးမဲကြီး လိုက်နေတဲ့ လူတွေနဲ့ အနည်းငယ် ဝေးကွာသွားတဲ့အခါ သူမတို့ နှစ်ယောက်ထဲမှ တစ်ယောက်က ပြေးနေတာ ရပ်သွားသည်။

"မမ ဘာလို့ ပြေးနေတာ ရပ်လိုက်တာလဲ၊ ညီမလေးတို့ ဆက်ပြေးကြမယ်လေ"

သူမ မမက သူမကို ခေါင်းခါပြကာ အသက်ကို ဝဝရှူပြီး လက်ယမ်းပြလျှက်။

"မမတို့ ပြေးနေလည်း ဘာမှမထူးဘူး ညီမလေး၊ အနေးနဲ့အမြန် မမတို့ ခြေကုန်လက်ပန် ကျသွားတဲ့အခါ မမနဲ့ညီမလေးကို သူတို့မိသွားလိမ့်မယ်၊ ဒါကြောင့် ညီမလေး ဒီနေရာမှာ ပုန်းနေခဲ့ပါ။ မမ သူတို့ကို မျှားခေါ်သွားမယ်"

သူမ ခေါင်းအကြိမ်ကြိမ် အခါခါ ခေါင်းယမ်းလိုက်သည်။ မမ သူမအနားမှာ မရှိလို့မဖြစ်။ မမ မရှိရင် သူမတစ်ယောက်တည်း ဘယ်လို နေထိုင်ရမှာ

လဲ။ မမက သူ့ရဲ့တစ်ဘဝလုံးပါ။

"ဟင့် ဟင်း၊ ညီမလေး တစ်ယောက်တည်း မနေခဲ့နိုင်ဘူး၊ မမနဲ့ အတူတူ ပြေးမယ်၊ မမ ညီမလေးကို တစ်ယောက်တည်း မထားခဲ့ပါနဲ့နော်၊ သေရ မယ် ဆိုရင်တောင် ညီမလေးတို့ အတူတူ သေကြမယ်နော်"

"သူတို့ကို တွေ့အောင်ရှာ"

"ညီမလေး သူတို့လာပြီ မမ သွားတော့မယ်"

ဒုတ်

နောက်ဆုံးတော့ မမ သူ့ကို ချုံပုတ်ထဲ တွန်းကာ ထွက်ပြေးသွားလေ သည်။ သူမ မမအနောက်ကို လိုက်ချင်ပေမဲ့လည်း သူမ မလိုက်နိုင်တော့။ သူမ ခေါင်းကို တစ်စုံတစ်ရာနဲ့ ဆောင့်မိလိုက်တာကြောင့် သူမ မျက်လုံး တွေ ရီဝေဝေဖြစ်ကာ လူဆိုးတွေနဲ့ ခြေသံက သူမကို ကျော်လွန်သွားပြီး နောက်၊ ဒိုင်း ဆိုသံနှင့်အတူ သူမလည်း မေ့သွားခဲ့ရသည်။

ဂျိမ်း ဂျိမ်း

တောက် တောက်

မိုးချုန်းသံများလည်း ဖြစ်ပေါ်လာသည်။ ရိုးရာမေဆိုတဲ့ သူမကတော့ မြေပြင်ပေါ်မှာ လဲလျောင်းနေဆဲ။ ထို့အတူ မိုးစက်လေးတွေကလည်း သူမ မျက်နှာပေါ်ကို တတောက်တောက်နဲ့ ကျလာသည်။ မိုးရေစက်တွေကြောင့် သူမ မေ့မြောနေတာကနေ သတိရလာသည်။ မျက်တောင်လေးတွေ ပုတ် ခပ် ပုတ်ခပ်နဲ့ လှုပ်လာသည်။ ထို့အပြင် သူမရဲ့ နှာခေါင်းထဲကို မြေသင်းရနံ့ လေးက ဝင်လာသည်။

သူမ မြေပြင်ပေါ်က ကျုံးထလိုက်ကာ သူမ မမ ရှိမည့်နေရာသို့ ပြေးလာခဲ့ သည်။ နှစ်လှမ်း၊ သုံးလှမ်း၊ လေးလှမ်း၊ ဆယ်လှမ်းလောက်ကျတော့ လမ်းမ

ပေါ်မှာ အသက်မဲ့စွာ လှဲလျောင်းနေတဲ့ သူမ မမရဲ့ ခန္ဓာကိုယ်လေးကို တွေ့လိုက်ရသည်။

"ဟင့် ဟင်း မဖြစ်ရဘူး မဖြစ်ရဘူး"

"မမ"

သူမ မမရဲ့ ခန္ဓာကိုယ်လေးကို တင်းကျပ်စွာ ပွေ့ဖက်ကာ အော်ဟစ်ငိုကြွေးနေမိသည်။ အချိန်က နံနက် နှစ်နာရီ၊ သုံးနာရီ ဝန်းကျင်၊ လူသွား လူလာ ပြတ်တဲ့ လမ်းမ မလို့ သူမတို့ ညီအစ်မနှစ်ယောက်ရဲ့ ဖြစ်ရပ်ကို ဘယ်သူမှ မသိမမြင်ကြသေး။

"မမ... ဘာလို့ ဒီလိုဖြစ်ရတာလဲ၊ ဘာလို့ ညီမလေးတို့ ညီအစ်မ နှစ်ယောက်ကျမှ ဒီလိုဖြစ်ရတာလဲလို့၊ ဟင့် ဟင့်၊ ထပါဦး မမ၊ ညီမလေးကို တစ်ယောက်တည်း မထားခဲ့နဲ့လေ မမ"

"မေ မေ၊ မင်း ဖျားနေတာလား မေ၊ မေ ... သတိထားဦးလေ၊ ငါ ပြောတာကြားရဲ့လား..."

"ဟင်"

မေ သူမ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်လောက်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်ကို ပြန်ပြီး အိပ်မက် မက်နေတာ ညတိုင်းပါ၊ အဲဒီညက အဖြစ်အပျက် အခုချိန်ထိ သူမကို ခြောက်လှန့်နေဆဲ။ သူမ မေ့အောင် ဘယ်လိုပဲ ကြိုးစားပါစေ တစ်စက္ကန့်လေးတောင် မေ့လို့မရချေ။

"အဆင်ပြေရဲ့လား ... မေ"

"အင်း ပြေပါတယ်။ ဘယ်န နာရီ ထိုးသွားပြီလဲ"

"နံနက် ခုနစ်နာရီ၊ မင်း အိပ်မက်ဆိုး မက်နေတုန်းပဲလား... မေ၊ မင်း မမေ့ဖျောက်နိုင် သေးဘူးလား...၊ မင်းဘဝ တစ်သက်လုံး ဒဏ်ရာကြီးနဲ့ အသက်

ရှင်သွား ချင်လို့လား..."

မေခွန်းဆက် ... သူမလိုပဲ မေတစ်လုံးပါသည်။ သူမကလည်း သူမလို တစ်ကောင်ကြွက်ပင်၊ အခုတော့ သူငယ်ချင်း ညီအစ်မလို့ နှစ်ယောက်ပေါင်း နှစ်ကောင်ကြွက် ဖြစ်နေပြီ ဖြစ်သည်။

သူမ အရှိုက်တည့်တည့်ကို ထိတဲ့မေးခွန်းပါ။ ဒီလိုနေ့မျိုးကို သူမ ဘယ်လို မေ့ဖျောက်ရမှာလဲ။ သူမ မမကို သတ်သွားတဲ့ လူတွေကို သူမ ရအောင်ရှာပြီး ထောင်ထဲထည့်မည်။ ပြီးတော့ သူမ မှတ်ဉာဏ်ထဲမှာ ရှိနေတဲ့ ဦးဝဏ္ဏကျော်ဆိုတဲ့ လူကြီးကို သူမ ရှာမည်။ ပြီးတော့ သူမတို့ ညီအစ်မ နှစ်ယောက်လုံးကို ဘာလို့ လိုက်သတ်နေရတာလဲလို့ မေးမည်။

"မေးတာ ကြားရဲ့လား ... တစ်ခုခု ပြန်ဖြေစမ်းပါ"

"ဘယ်သူက အဲဒီလို အသက်ရှင် သွားချင်မှာလဲ၊ မင်းလဲ ငါ့နေရာမှာဆိုရင် နားလည်ပေးနိုင်မှာပါ။ ငါ အပြင်ကို ခဏသွားလိုက်ဦးမယ်"

"မင်း ဆေးလိပ် ထွက်သောက်မလို့ မဟုတ်လား...၊ ကျန်းမာရေး ထိခိုက်လိမ့်မယ်နော်၊ စခန်းမှူးကလည်း မကြိုက်ဘူး"

"ဒီနေ့က ဆေးလိပ်သောက်ရတဲ့ နေ့မှ မဟုတ်တာ အလုပ်ကိစ္စပါ။ ဟိုကောင်မလေးဆီကို ထပ်သွားမလို့"

"လိုက်ခဲ့ပေးမယ် "

"အိုကေလေ"

သူမ အိပ်ရာပေါ်မှ ဆင်းကာအင်္ကျီတန်းထဲက ဂျက်ကပ်အင်္ကျီ တစ်ထည်ကို ယူဝတ်လိုက်ပြီး သူမ သူငယ်ချင်းနဲ့ မှုခင်းဖြစ်ပွားခဲ့သော နေရာဆီသို့ ထွက်လာခဲ့သည်။ မှုခင်းဖြစ်ပွားခဲ့သော ဘေးတွင် တရားလို ရှိနေသောကြောင့်ပင်။

ဒေါက် ဒေါက် ဒေါက် ဒေါက်

"တံခါးမဖွင့်ဘူးလား..."

"တွေ့တဲ့အတိုင်းပဲ၊ အပြင်သွားနေတာလား ... မသိဘူး၊ အမှု ဖြစ်ထားတာ အပြင်မထွက်ရဘူးလို့ ပြောထားတာကို နားရော ပါရဲ့လား မသိဘူး"

"ခွန်းဆက် ဘေးဖယ် "

ဒုန်း ဒုန်း

ကျွိ

သူမ သူငယ်ချင်း မေခွန်းဆက်ကို ဘေးဖယ်ခိုင်းလိုက်ပြီး သူမ ခန္ဓာကိုယ်နဲ့ တံခါးကို ဝင်ဆောင့်လိုက်တော့ အထဲက တံခါးဖွင့်ပေးလာသည်။ သူမ အဲဒီထဲက ကောင်မလေးကို ကြည့်ကာ နှုတ်ခမ်း မဲ့ပြလိုက်သည်။

"မင်း ငါတို့ လာမယ်မှန်း သိလို့ အထဲက လော့ချထားတာလား...၊ မင်း ဒီလိုလုပ်တာ တရားခံ မြောက်တယ်ဆိုတာ မင်းကိုယ်မင်း သိလား..."

မေခွန်းဆက်ကတော့ ကောင်မလေးကို အကြောင်းတွေထပ်ကာ စကားတွေပြောနေပေမဲ့ ရိုးရာမေဆိုတဲ့ သူမကတော့ အိမ်တစ်အိမ်လုံးကို လှည့်ပတ်စစ်ဆေး နေလိုက်သည်။

"မိန်းကလေး ပုန်းနေတဲ့ တစ်ယောက်ကို အခုချက်ချင်း ထုတ်ပေးပါ"

"ရှင် ကျွန်မ ဘယ်သူ့ကိုမှ ဝှက်မထားပါဘူး။ ကျွန်မ အိမ်ထဲမှာ ဘယ်သူမှလည်း ပုန်းမနေပါဘူး၊ ဘာလဲ ကျွန်မက တရားခံကို ဝှက်ထားတယ်လို့ ရှင်တို့နှစ်ယောက်က ထင်နေတာလား..."

"ဟင်း ဟင်း"

မိန်းကလေး စကားကြောင့် ရိုးရာမေဆိုတဲ့ သူမ အသံထွက်အောင် ရယ်လိုက်သည်။ သူမက ရဲကို ညာဖို့ ကြိုးစားနေတာ အံ့ဩမိသည်။

"ဒီမှာ မိန်းကလေး၊ ငါတို့ မင်းကို အတင်းကြီး ခြိမ်းခြောက်ပြီး မင်းက တရားခံကို ဝှက်ထားလို့ တရားခံကို ထုတ်ပေးလို့ ပြောနေတာ မဟုတ်ဘူး။ မင်း အိမ်ထဲမှာ ပုန်းနေတဲ့ လူကိုပဲ ထုတ်ခိုင်းတာ တရားခံလို့ မပြောမိပါဘူး၊ မင်းဟာမင်း မလုံမလဲဖြစ်နေတာ"

"ကျွန်မက ဘာလို့ မလုံမလဲ ဖြစ်ရမှာလဲ၊ ရှင် ပြောနေတဲ့ ပုန်းနေတယ်ဆိုတဲ့ လူ တစ်ယောက်တလေတောင် အိမ်ထဲမှာ မရှိဘူး။ မယုံရင် ရှင်တို့နှစ်ယောက် ရှာကြည့်"

မိန်းကလေး လေသံက ရိုးရာမေ ဒေါသထွက်လောက်အောင် မာလွန်းလှသည်။ ခွန်းဆက်ကတော့ မလှုပ်မယှက် ရိုးရာမေ လက်လွန်မှာဆိုးလို့ မိန်းကလေးကို အဆက်မပြတ် ကြည့်နေရမဲ့အစား ရိုးရာမေကိုသာ အဆက်မပြတ် ကြည့်နေရသည်။

"အိုကေလေ၊ ဒါဆိုလည်း ပုန်းနေတဲ့သူက သေလူပေါ့"

သူမ ပြတင်းပေါက်နားကို သွားလိုက်သည်။ သူမ အခုရောက်နေတဲ့ တိုက်က အလွှာနှစ်မှာမလို့ ပြတင်းပေါက်ကနေ တစ်ဆင့် ပြုတ်ကျသွားတဲ့ လူကတော့ ခါးကျိုး အရိုးကျိုး ဖြစ်ပြီး သေရင်သေနိုင်သည်။

"ဟိုင်း "

ပိုက်လုံးပေါ်မှာ ခက်ခက်ခဲခဲနဲ့ မတ်တတ်ရပ်နေတဲ့ ကောင်လေးကို သူမ လက်လှုပ်ပြလိုက်သည်။ ထိုကောင်လေးက သူမကို ကြောက်တဲ့အကြည့်တွေနဲ့ ကြည့်နေသည်။ ကောင်မလေးလည်း သူမအနား ရောက်လာသည်။

"ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ တကယ် တောင်းပန်ပါတယ်။ ဒီကိစ္စကို ဘယ်သူ့ကိုမှ အသိမပေးပါနဲ့နော်၊ ကျွန်မမှာ သူနဲ့ရထားတဲ့ ရင်သွေးလေး ရှိနေလို့ မဖြစ်မနေ သူနဲ့ ဆက်သွယ်နေရတာပါ "

"အစကတည်းက မပြောခဲ့ဘူးလား...၊ အခုချက်ချင်း စခန်း လိုက်ခဲ့ပေးပါ။ ခွန်းဆက်၊ စခန်းကို ဖုန်းဆက် တပ်ကူခေါ်၊ အဲဒီကောင်ကို မရရအောင် ခေါ်လာခဲ့၊ လာ သစ္စာဖောက်မ အခုချက်ချင်း ငါနဲ့ စခန်းကို လိုက်ခဲ့ "

ရိုးရာမေ ကောင်မလေး လက်ကိုဆွဲကာ ကောင်မလေးကို ကားထဲထည့်ပြီး စခန်းကို ခေါ်လာခဲ့သည်။ အကြမ်းပတမ်း လုပ်တတ်တဲ့ ရိုးရာမေကို စခန်းက လူတွေ အားလုံး ကြည့်နေကြသည်။

"အစ်မ ကျွန်မကို လွှတ်ပါ။ ကျွန်မ လက် နာတယ်။ ကျွန်မကို လွှတ်ပေးပါ။ ကျွန်မလက် နာလှပြီ"

ကောင်မလေး ဘယ်လောက်ပဲ တောင်းပန်နေပါစေ။ သူမရဲ့လက်က လွှတ်အောင် ရုန်းနေပါစေ။ ကောင်မလေးရဲ့ လက်ကို ကိုင်ထားတဲ့ သူမရဲ့ လက်က အားတွေလျော့မသွားတဲ့ အပြင် ပိုလို့တောင် များလာသည်။

"ထိုင် "

သူမ အလုပ်စားပွဲရောက်တော့ ကောင်မလေးကို ထိုင်စေလိုက်သည်။ ပြီးနောက် ကောင်မလေးရှေ့ကို ဝန်ခံချက်စာရွက် ချပေးလိုက်သည်။

"ဒီစာရွက်မှာ လက်မှတ်ထိုး "

"ဟင် "

စာရွက်ကို ကိုင်ထားတဲ့ ကောင်မလေးရဲ့လက်က တုန်ရီနေသည်။ ပါးပြင်မှာလည်း မျက်ရည်စက်တွေနဲ့။ သူမ ခေါင်းကလည်း သူမ မလုပ်ကြောင်း အကြိမ်ကြိမ် အခါခါခေါင်းခါပြနေသည်။ သူမ နှုတ်ခမ်းတွေကလည်း တဆက်ဆက် တုန်လျက်။

ဘုန်း

"နှင်းဝသုန် "

ခုံကို ပြင်းပြင်း ရိုက်လိုက်တဲ့ အသံထပ် 'နှင်းဝသုန်'လို့ ခေါ်လိုက်တဲ့အသံက ပို၍ ကျယ်လောင်ပြီး မာကျောလှသည်။ နှင်းဝသုန်ဆိုတဲ့ ကောင်မလေးလည်း လန့်ဖျပ်သွားရသည်။

"ဟင့် ဟင်း၊ ကျွန်မမှ သူ့ကိုမသတ်တာ ဘာလို့ ဝန်ခံလက်မှတ် ထိုးရမှာလဲ၊ ကျွန်မ သူ့ကို မသတ်ဘူး၊ အဲဒါကြောင့် ဒီစာရွက်မှာ လူသတ်ကြောင်း ဝန်ခံလက်မှတ် ကျွန်မ မထိုးနိုင်ဘူး"

"ဒါဆို လူသတ် တရားခံကို ပြောပြ၊ မင်း မသတ်ဘူးဆိုတာ ငါသိတယ်။ ပြီးတော့ လူသတ်တရားခံကို မင်းသိတယ်ဆိုတာလည်း ငါ သိတယ်။ ဘယ်သူဘယ်ဝါဆိုတာ မင်း အခုချက်ချင်း ငါ့ကိုပြောပြ၊ ဒါမှမဟုတ်ရင်တော့ ဒီစာချုပ်မှာ မင်း လက်မှတ် ထိုးရလိမ့်မယ်"

နှင်းဝသုန်ဆိုတဲ့ ကောင်မလေးရဲ့ မျက်နှာက သွေးပျက်သလို ဖြူဖပ်သွားသည်။ ရိုးရာမေဆိုတဲ့ သူမက အညံ့စား ရဲအရာရှိမှ မဟုတ်တာ၊ နှင်းဝသုန် သူမနဲ့ အမှုဖွင့်ထားတာကိုက ကံဆိုးသည်။

"ဟင့် ဟင်း ကျွန်မ မထိုးနိုင်ဘူး၊ သတ်တဲ့လူကိုလည်း ကျွန်မ မသိဘူး၊ ကျွန်မ ဒီအမှုကို မဖွင့်ချင်ဘူး"

"လူသတ်မှုနော် မင်း မဖွင့်ချင်လို့ ရမလား...၊ မင်း မဖွင့်ချင်ဘူး ဆိုရင်တော့ တရားဥပဒေက ဒီအတိုင်း မနေဘူး၊ ထားပါ မင်းကို နှစ်ရက်အချိန် ပေးမယ်၊ မင်း ပြန်လို့ရပြီ"

သူမ ခွင့်ပြုချက်ပေးတယ်ဆို နှင်းဝသုန် လေးလံနေတဲ့ ခြေလှမ်းတွေနဲ့ သူမအရှေ့က ထွက်သွားသည်။ သူမလည်း ခုံတွင် ဝင်ထိုင်၍ သေဆုံးသွားတဲ့ ကောင်လေးရဲ့ ကိုယ်ရေး ရာဇဝင်ကို ပြန်ကြည့်နေစဉ်။

ဒုန်း

"ရိုးရာမေ မင်းအမှုသည် ကားတိုက်ခံလိုက်ရပြီ"

"ဟင် "

'ရိုးရာမေ' သူမ ချက်ချင်းပင် စခန်းအပြင်ကို ပြေးထွက်လာခဲ့သည်။ သူမ စခန်းရှေ့မှာမှ သွေးအိုင်ထဲမှာ လဲကျနေသော နှင်းဝသုန်၊ သူမ ဗိုက်လေးပေါ် လက်တင်ကာ သွေးအလိမ့်လိမ့်နဲ့ သေဆုံးနေပြီ ဖြစ်သည်။

"နှင်းဝသုန် "

သူမ ခေါ်ပေမဲ့လည်း သေဆုံးသွားတဲ့လူက ဘယ်လိုလုပ် ကြားနိုင်တော့မှာလဲ၊ သူမ လက်သီးတင်းတင်း ဆုပ်လျက်။

"ဘာလုပ်နေကြတာလဲ ဒီအတိုင်း မတ်တတ်ရပ်ကြည့် နေကြမှာလား...၊ ကားမောင်းတဲ့ သူကို မိအောင်ဖမ်းလေ၊ ဒီကားကို ဘယ်သူပိုင်လဲ သေချာရှာ"

သူမ ဒေါသတကြီးနဲ့ သူမ လက်အောက်သားတွေကို အော်ပြောကာ နှင်းဝသုန်ကို ဆေးရုံ ရင်ခွဲရုံသို့ ခေါ်လာခဲ့သည်။

"မှုခင်း ဆရာဝန် မရောက်သေးဘူးလား...၊ ဘာလုပ်နေကြတာလဲ မြန်မြန်ခေါ်လေ၊ ဟူး ဟင်း "

ခုံပေါ်မှာ တင်ထားတဲ့ နှင်းဝသုန်ရဲ့ အလောင်းကို ကြည့်ကာ သူမ လေကို ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်ပြီး သက်ပြင်းရှည်ကြီး ချလိုက်သည်။

သူမ ဆံပင်ကြားထဲကို လက်ထဲ၍ ဆံပင်ကို ခပ်ဖွဖွ လုပ်နေချိန် သူမရှေ့တွင် လူတစ်ယောက် ခြေစုံရပ်လာသည်။ မော့ကြည့်လိုက်တော့ ဆရာဝန်ဝတ်စုံနဲ့ သူမ မသိသော ယောကျ်ားတစ်ယောက်။

"ခင်ဗျားကြောင့် သေတာ၊ ခင်ဗျားက တရားခံပဲ"

"ဟင်း "

သူမ သက်ပြင်း နောက်ထပ်တစ်ကြိမ် ထပ်ချကာ မတ်တတ်ထရပ် လိုက်သည်။ သူမကို တရားခံလို လာစွပ်စွဲနေတဲ့ ဆရာဝန်ကို ကြည့်လိုက်တော့ အသက်က သူမထပ် လေးငါးနှစ်လောက် ငယ်မည်။

ဒီကောင်လေးက သူမကို လူသတ်တရားခံလို့ လာစွပ်စွဲနေတာ သူမ အံ့သြမိသည်။ ကောင်လေးကို ကြည့်ရတာ အရာရာ ပြီးပြည့်စုံသည်။ နှင်းဝသုန်နဲ့ရော ဘယ်လို ပတ်သက်နေတာလဲ၊ ဘာလို့ သူမကို ဒီလို လာစွပ်စွဲနေရတာလဲ။

ထိုဆရာဝန် သူမကို ကြည့်နေတဲ့ အကြည့်တွေက မီးဝင်းဝင်း တောက်နေတဲ့ အကြည့်တွေ၊ သူမ သူ့ကို ဘာမှပြန်မပြောပဲ သူ ဘာထပ်ပြောမလဲဆိုတဲ့ အကြည့်နဲ့ သူ့ကို ခေါင်းအစ ခြေအဆုံး ကြည့်နေလိုက်သည်။

***

{၂}

ဝသုန့်ကို သေအောင်လုပ်တဲ့လူကို လာကြည့်တာ၊ တကယ်တမ်း တွေ့လိုက်ရတော့၊ ဝသုန့်ကို သေအောင် လုပ်လိုက်တဲ့လူက မိန်းကလေး ဖြစ်နေသည်။ 'မြဘဏ္ဍာ' ဆိုတဲ့သူလက်သီးနဲ့ ထိုးပစ်ဖို့ အားတွေစုလာတာ ဒီမိန်းမကို တွေ့လိုက်တော့ အားတွေက မရှိတော့။

"ခင်ဗျားကြောင့် သေတာ၊ ခင်ဗျားက တရားခံပဲ"

ဆိုတဲ့ စကားလုံးတွေက လွဲရင်၊ ဒီထပ်ပိုတဲ့ စကားလုံးတွေ ထွက်မလာခဲ့။ သူ အဲဒီလို ပြောလိုက်ပေမဲ့လဲ သူ ပြောလိုက်တဲ့ မိန်းမကတော့ သူ့စကားတွေကို နားဝင်ရဲ့လား ... မသိ။ သူမရဲ့ မျက်ဝန်းတွေ မျက်နှာ အမူအရာက တည်ငြိမ်လွန်းနေသည်။

ထို့ကြောင့်လည်း သူ ဒေါသပိုပို ထွက်လာရသည်။ သူ လက်သီးထိုး၍ သူမကို ပြောဖို့ ကြိုးစားပေမဲ့လည်း သူ ဒေါသကို ထိန်း၍ လက်သီးကို ပြန်ချလိုက်ပြီး။

"ခင်ဗျားလည်း မိန်းမတစ်ယောက်ပဲ၊ ခင်ဗျားမှာ ကိုယ်ချင်းစာစိတ် မရှိဘူးလား...၊ ခင်ဗျား အစ်မတွေ ညီမတွေ သူငယ်ချင်းတွေ အဲဒီလိုဖြစ်သွားရင်ရော ခင်ဗျား ဘယ်လိုလုပ်မလဲ "

"ဖြန်း "

'ရိုးရာမေ' ရဲ့ လက်ဝါးသည် သူ့ ပါးပြင်ပေါ်သို့ ကျရောက်လာသည်။ သူ ပြန်ရိုက်မည် လုပ်တော့ 'ရိုးရာမေ' သူ့ကို မျက်နှာလေး မော့ပေးသည်။

"ခင်ဗျား ဗျာ၊ မိန်းကလေး ဖြစ်နေလို့ ယောကျ်ားလေး ဖြစ်နေရင် ကျွန်တော် ခင်ဗျားကို ဘာလုပ်မိမလဲ မသိဘူး"

"အဟွန်း၊ မင်း ငါ့ကို ဘာလုပ်လုပ် ငါ စိတ်မဝင်စားဘူး၊ ငါ စိတ်ဝင်စားတာ မင်းနဲ့ဝသုန်နဲ့ ဘာတော်လဲ ဆိုတာပဲ၊ ဖြေစမ်းပါဦး မင်းနဲ့ဝသုန်နဲ့ ဘယ်လို ပတ်သက်ပြီး ဘယ်လို တော်စပ်နေလဲ "

သူမ အင်္ကျီအိတ်ကပ်ထဲက စာအုပ်နဲ့ဘောပင်ကို ထုတ်ကာမေးသည်။ သူမက ဘယ်လို မိန်းမမျိုးလဲ၊ သူ့ကို မျက်နှာပြောင် တိုက်နေတာလား...။

"ခင်ဗျား မေးတိုင်း ကျွန်တော်က ဖြေရအောင် ခင်ဗျားက ကျွန်တော့်ရဲ့ အမေ မလို့လား...၊ အဟင်း ခင်ဗျားက ကျွန်တော့် အမေဆိုရင်တောင် ခင်ဗျား ဘာမေးမေး ကျွန်တော် မဖြေနိုင်ဘူး"

"ဟင်း "

သူမဆီက သက်ပြင်းချသံ ယဲ့ယဲ့လေးကို သူ ကြားလိုက်ရသည်။ သူမလို့ မိန်းမက သက်ပြင်း ချနိုင်သေးတာ သူ အံ့ဩသည်။ စာနာစိတ်မရှိတဲ့ ဒီလို မိန်းမမျိုး သူတစ်ခါမှ မတွေ့ဖူး။

"မင်း ငါ့ကို ထင်ချင်သလို ထင်နိုင်တယ်။ မင်း ဘယ်လိုပဲ ထင်ထင် ငါ ဂရုမစိုက်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့တာဝန်နဲ့ ငါမို့ပဲ၊ မင်းလည်း တာဝန်ရှိတဲ့ ဒေါက်တာ တစ်ယောက်ဆိုတော့ နားလည်မှာပါ။ ငါ ပြောချင်တာက ငါ မေးတာကို မင်းမဖြေချင်ဘူးဆိုတာ ငါ သိတယ်။ ဒါပေမဲ့ မင်းက နှင်းဝသုန်ကို သိတဲ့ တစ်ယောက်တည်း ကျန်သူမို့ပဲ၊ ဖြစ်နိုင်ရင် နှင်းဝသုန် သေဆုံးမှုကို အမှုဖွင့်စေချင်တယ် "

သူမ ပြောနေတာ သူ နားထောင်နေရဲ့လား...၊ ဒါပေမဲ့လည်း သူမ ပြောစရာရှိတာကိုတော့ ပြောရမည်။ နှင်းဝသုန်က သူမကြောင့် သေဆုံးသွား

တယ် ဆိုပေမဲ့ တကယ့် တရားခံစစ်က သူမ မဟုတ်လို့ တကယ့် တရားခံစစ်ကို ဖမ်းမိဖို့ လိုသည်။

"ခင်ဗျား နာမည် ဘယ်သူလဲ "

နောက်ဆုံးတော့ မလှုပ်မယှက်နဲ့ နေတဲ့သူ စကားပြောပြီ။ သူမ ပြုံးလိုက်ကာ။

"ရိုးရာမေ"

"ဒီမှာ မရိုးရာမေ၊ ကျွန်တော် နှင်းဝသုန်ကို သိတယ်ဆိုတာ နှင်းဝသုန်က ကျွန်တော့်ရဲ့ လူနာမလို့ပဲ၊ အခုလိုဖြစ်သွားတာ ခင်ဗျားနဲ့ မကင်းသလို နှင်းဝသုန်က ကျွန်တော့်ရဲ့ လူနာဖြစ်နေလို့ ကျွန်တော့် စောင့်ရှောက်မှုအောက်မှာ သူ ရှိတယ်။ ပြီးတော့ သူ့ကို ကျွန်တော် သနားတယ်။ အဲဒါကြောင့် ခင်ဗျားကို ဒေါသထွက်တယ်။ သူ တစ်ယောက်တည်း ရင်ဆိုင်နေရတဲ့ အချိန်မှာ ဒီလိုမျိုးဖြစ်သွားတာ ခင်ဗျားကို ပိုပြီးတော့တောင် ဒေါသထွက်သေးတယ် ဒီလောက်ပဲ၊အဲဒါကြောင့် အမှုကိစ္စတွေမှာ ကျွန်တော် ဝင်မပါချင်ဘူး၊ ခင်ဗျား ကျွန်တော့်ကိုလည်း ဆွဲထည့်ဖို့ မကြိုးစားပါနဲ့ "

သူ သူမအရှေ့က ထွက်လာခဲ့သည်။ အခန်းဝရောက်တော့။

"သနားတာထပ်တော့ မပိုပါဘူးနော် "

သူမရဲ့စကားက သူ့ကို ခံပြင်းစေသည်။

တကယ်တော့ 'ရိုးရာမေ' ဆိုတဲ့ သူမ 'သူ့ကို' ခံပြင်းဒေါသထွက်အောင် ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ဒါမှလည်း နှင်းဝသုန်အမှုကို ဖွင့်ပြီး နှင်းဝသုန် အမှုကော သေဆုံးသွားခဲ့ပြီ ဖြစ်သော ကောင်လေးအမှုကော သူမ ဆက်လက် စုံစမ်းလို့ ရမည် မဟုတ်လား...။

သူ သူမအနားကို ပြန်ရောက်လာပြီး ခြေစုံထပ်ရပ်သည်။

"ခင်ဗျား ဘာစကားပြောတာလဲ"

သူမ ပခုံးတွန့်ပြလိုက်ပြီး နှုတ်ခမ်း မဲ့ပြလိုက်သည်။

"မင်း ကြားတဲ့အတိုင်းပဲလေ၊ ဘာလဲ ငါပြောတာ ဟုတ်လို့ မင်းနာသွားတာလား...၊ သနားတယ်ဆိုတဲ့ နောက်ကွယ်မှာ ဘယ်လို အရာတွေရှိနေလဲဆိုတာ မင်း သိတာပဲ၊ သနားတယ်လို့ ပြောလိုက်တာနဲ့ အရောင်အမျိုးမျိုး ခြယ်လို့ရတယ်"

"ဒါကတော့ ခင်ဗျား သူ့တစ်ပါးအပေါ် သနားတတ်တဲ့ ခင်ဗျားရဲ့ စိတ်နေစိတ်ထား ထင်တယ်။ ကျွန်တော်ရဲ့ သနားတယ်ဆိုတဲ့ နောက်ကွယ်မှာ ဘာအရောင်မှ မရှိဘူး၊ white colour ပဲ"

"မင်းက white colour ဆိုလည်း white colour ပေါ့၊ မင်းရဲ့ စိတ်နေစိတ်ထားကို ငါ သိနိုင်တာမှ မဟုတ်တာ၊ ရော့ ဒီမှာ ငါ့ဖုန်းနံပါတ်၊ မင်း စိတ်ပြောင်းပြီး အမှုဖွင့်ချင်တဲ့ အချိန်ကျရင် ဆက်လိုက်ပေါ့"

သူ့လက်ထဲကို စာရွက် အပိုင်းအစလေး ထည့်ပေးကာ သူမ ထွက်သွားသည်။

"Sorry ပဲ၊ ကျောပေးသူက ငါပဲဖြစ်ရမယ် မြဲဘဏ္ဍာ"

သူ့ရင်ဘတ်မှာ ကပ်ထားတဲ့ စာတန်းလေးကို ကြည့်လိုက်ခြင်းအားဖြင့် သူ့နာမည် ဘယ်သူလဲဆိုတာ သူမ သိလိုက်သည်။ နောက်ပြီးတော့ ဘယ်သူက ဘယ်ဝါဆိုတာ သူများကို သူမ လိုက်မမေးချင်၊ သူမ ကိုယ်တိုင်သာ သိအောင် စုံစမ်းတက်သည်။

'မြဲဘဏ္ဍာ' သူ့ကို ကျောပေးထွက်သွားတဲ့ သူမရဲ့ ကျောပြင်ကို ကြည့်ရင်း လက်ထဲက စာရွက်အပိုင်းအစကို လုံးခြေကာ လွှတ်ပစ်ဖို့ စဉ်းစားလိုက်ပေမဲ့ လိုရမယ်ရ ဘောင်းဘီ အိတ်ကပ်ထဲ ထည့်လိုက်သည်။ ပြီးနောက် သူမ

အငွေ့အသက် ကျန်နေခဲ့တဲ့ နေရာမှာ ကြာကြာမနေချင်၍ အမြန်ပင် ထွက်လာခဲ့သည်။

"ဟေ့ကောင် မြဘဏ္ဍာ၊ မင်း နာမည်ကြီး ရဲမေ စုံထောက်နဲ့ ထိပ်တိုက်တွေ့ခဲ့တယ်ဆို ဘယ်လိုလဲ"

"အဟက် "

သူငယ်ချင်း ဆရာဝန် မေးတဲ့ မေးခွန်းကို 'မြဘဏ္ဍာ' ရယ်လိုက်မိသည်။ နာမည်ကြီးတဲ့လား...။ စာနာစိတ်မရှိတဲ့ နေရာမှာ နာမည်ကြီးတာ ဖြစ်လိမ့်မည်။ သူ နှုတ်ဆိတ်နေတာကြောင့် သူ့သူငယ်ချင်းက သူ့ကို မျက်နှာမဲ့ကာ။

"ဘာလဲ မင်းက အဲဒီရဲမေနဲ့ တွေ့လိုက်ရလို့ ချက်ချင်းပဲ ကိန်းကြီးသွားတာလား...၊ မထင်ရဘူးနော် မြဘဏ္ဍာ၊ မင်းက ကိန်းကြီးတဲ့ လူတစ်ယောက်လို့ "

"ဟေ့ကောင်၊ ငါသာ ကိန်းကြီးမယ်ဆိုရင် ငါက အတော်ဆုံး ဆရာဝန်တစ်ယောက်ပဲ မင်းနဲ့ သူငယ်ချင်း လုပ်ခဲ့မှာ မဟုတ်ဘူး၊ မင်း ပြောတဲ့ ရဲမေဆိုတာ ရိုးရာမေကို မေးတာလား..."

"ဟုတ်တယ်လေကွာ၊ အပျိုကြီး ရဲမေ ရိုးရာမေ၊ အပျိုကြီးဆိုပေမဲ့ နှစ်ဆယ်ကျော် မိန်းမပျိုလေးတွေ အရှုံးပေးရမယ်၊ ဒါတောင် ငါက သူ့ကို တီဗွီထဲမှာပဲ မြင်ဖူးတာ၊ ပြောပြစမ်းပါ မင်းနဲ့ဘာတွေ ပြောခဲ့သေးလဲ"

"ဘာပြောရမှာလဲ၊ အလကားမိန်းမ ဘယ်နေရာမှာ နာမည်ပြီးတာလဲ တရားခံဖမ်းတဲ့ နေရာမှာ နာမည်ကြီးတာတောင် မဟုတ်လောက်ဘူး၊ မိန်းမအချင်းချင်း နိမ်တဲ့နေရာမှာ စာနာစိတ်မရှိတဲ့ နေရာမှာ နာမည်ကြီးတာ နေမှာ "

'မြဘဏ္ဍာ' ရှေ့မကြည့် နောက်မကြည့် ပြောနေတာ မိန်းကလေးတွေ အဝတ်လဲသည့်အခါ အသုံးပြုတဲ့ အကာအကွယ် လိုက်ကာရဲ့ နောက်မှာ ရင်ခွဲရုံက ဆရာဝန်နဲ့ စကားပြောနေတဲ့ 'ရိုးရာမေ' သူတို့ နှစ်ယောက် ပြော သမျှကို နားစွင့်နေတာ သူတို့နှစ်ယောက် မသိချေ။

"ဟုတ်လို့လားကွာ၊ မင်း လူနာသေသွားလို့ တင်းနေတယ်ဆိုတာ ငါ သိ တယ်။ ဒါပေမဲ့ မင်း သတင်းမဖတ်ရသေးလို့ ထင်တယ်၊ မင်းလူနာရဲ့ ကောင်လေးက အရင်ဆုံး သေသွားပြီးကွ အဲဒီအမှုကို ရဲမေရိုးရာမေက ကိုင် နေတာ၊ ဒီနေ့မနက် သွားတော့ အဲ့ကောင်မလေးအိမ်မှာ နောက်တစ် ယောက် တွေ့တယ်တဲ့။ အဲဒါနဲ့ ကောင်မလေးကို စခန်းခေါ်ပြီး စစ်ဆေး မေးမြန်းပြီး ပြန်လွှတ်လိုက်တဲ့ အချိန်မှာ ကားက ဝင်တိုက်သွားတာကွ၊ တိုက်သွားတဲ့ လူကလည်း မသင်္ကာစရာ ကောင်းတယ်ဆိုပဲကွ"

"ဟင်း ဟင်း၊ မင်းကတော့ ယုံ ငါကတော့ မယုံဘူး၊ သူတို့က ဘယ်တော့မှ တရားခံကို ဖမ်းမိတယ်ဆိုတာ မရှိဘူး၊ ဖမ်းမိရင်လည်း အလလ အနှစ်နှစ် ကြာမှာ"

"မရိုးရာမေ"

"ရှူး"

အတင်းပြောနေတဲ့ 'မြဘဏ္ဍာ' ကတော့ သူမကို ကျောပေးနေ၍ မတွေ့၊ သူမကိုတွေ့တဲ့ ဆရာဝန်လေးကိုတော့ မသိချင်ယောင် ဆောင်နေဖို့ ပြော လိုက်သည်။

"ဘာလဲ သူက ရဲမေဖြစ်နေလို့ မင်းက ကြောက်နေတာလား...၊ ငါတော့ လုံးဝ မကြောက်ဘူး အမှန်တရားကို ပြောတာ"

"ငါ သွားတော့မယ်"

"ဒီကောင်ကွာ ဘာမှန်းမသိဘူး"

သူ ထွက်သွားတဲ့ သူငယ်ချင်း ဆရာဝန်ကို ကြည့်ကာ ပြောလိုက်သည်။ ပြီးနောက် ဂျူတီကုတ်ချွတ်ကာ သူ့ကိုယ်သူ မှန်ထဲပြန်ကြည့်နေချိန် မှန်ထဲမှာ သူ အမြင်ကပ်တဲ့ ရိုးရာမေရဲ့ မျက်နှာက ပေါ်လာသည်။ လှည့်ကြည့်လိုက်တော့ ရိုးရာမေက သူ့အနား ကပ်လာသဖြင့် သူ ကျောနဲ့မှန်နဲ့ ကပ်သွားရသည်။

ရိုးရာ 'မြဘဏ္ဍာ' ဆိုတဲ့ ကောင်လေးကိုတော့ စိတ်ဝင်စားမိတာ အမှန်။ ထိုကောင်လေးက သူမလိုပဲ အမှန်တရားကို အတော်မြတ်နိုးသည် ထင်ပါရဲ့ အကြောက်တရားလည်း မရှိ၊ ထိုကောင်လေးရဲ့ မျက်ဝန်းတွေကို ကြည့်လိုက်တော့ မျက်ဝန်းတွေက ရွှန်းလဲ့နေသည်။ သူမ ပြုံးကာ ထိုကောင်လေး မေးစေ့လေးကို ကိုင်ကာ မျက်နှာကို မော့စေလိုက်ပြီး။

"မင်း တကယ် သိပါတယ်ဆိုတဲ့ အမှန်တရားထဲမှာလည်း အမှားပါနိုင်တယ်ဆိုတာ မင်း မတွေးမိဘူးလား..."

"ကျွန်တော် ပြောတဲ့အမှန်တရားမှာ ဘာအမှားမှ မပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ တရားခံကိုယ်တိုင်က ဝန်ခံနေလို့ပဲ"

"ငါ့ကို မင်းက တရားခံလို့ ထင်နေတာလား..."

သူမ အနောက်ဆုတ်၍ သူမကိုယ်သူမ လက်ညှိုး ထိုးပြလိုက်တော့ 'မြဘဏ္ဍာ' ဆိုတဲ့ သူ ခေါင်းညိတ်ပြ လိုက်သည်။

"ဒါပေါ့၊ ဝသုန့်ကို သတ်လိုက်တဲ့ တရားခံက ခင်ဗျားက လွဲရင် ဘယ်သူဖြစ်နိုင်မလဲ"

ကျောကို ဆက်မှီထားသေးတဲ့ သူ့ရဲ့ နှုတ်ခမ်းလေးကို 'ရိုးရာမေ' သူမ လက်ညှိုးလေးဖြင့် ထိတွေ့ကာ။

"မင်း နှုတ်ခမ်းက တော်တော် နူးညံ့ပြီး ချစ်ဖို့ကောင်းတယ်နော်၊ နောက် တစ်ခါ ကိုယ်နဲ့မဆိုင်တဲ့ စကားကို မပြောတာပဲ ကောင်းလိမ့်မယ်လို့ ငါထင် တယ် မြဘဏ္ဍာ၊ မင်းက ဆရာဝန်တစ်ယောက်ပါ ရဲတစ်ယောက် မဟုတ် ဘူး၊ အဲဒီတော့ မင်းက ဆရာဝန် တစ်ယောက်မလို့ လူနာတွေရဲ့ အသက်ကို ကယ်ရတယ်။ ငါက ရဲတစ်ယောက်မလို့ အမှုကို ဖော်ထုတ်ရတယ်။ ဒါ မင်း နဲ့ငါရဲ့ တာဝန်ပဲ "

"အဟွန်း "

'မြဘဏ္ဍာ' သူမကို ဆွဲလှည့်လိုက်ကာ သူမကျောနဲ့ မှန်နဲ့ ကပ်သွားအောင် လုပ်လိုက်သည်။ ပြီးတော့ သူ့လက်ချောင်းလေးတွေက သူမ နှုတ်ခမ်းကို ပြန်လည် ထိတို့လိုက်သည်။ သူမ နှုတ်ခမ်းက သူ့နှုတ်ခမ်းထပ်တောင် နူးညံ့ နေသေးသည်။ သူ ပြုံးလိုက်သည်။

"ခင်ဗျားရဲ့ နှုတ်ခမ်းက ကျွန်တော့် နှုတ်ခမ်းထပ် ပိုပြီး နူးညံ့ပါတယ်။ မဟုတ်ဘူး နူးညံ့တယ်ဆိုတာထပ် နူးအိနေတာ၊ ပြီးတော့ နှင်းဆီဖူးလို နီရဲ ပြီး နမ်းချင်စရာ ကောင်းတယ်။ အဲဒီတော့ ခင်ဗျား ကျွန်တော်နဲ့ ခပ်ဝေးဝေး နေပါ။ ဒါမှမဟုတ် ကျွန်တော့် ရှေ့ကို ခင်ဗျား ထပ်ရောက်လာရင် ခင်ဗျားကို တစ်ခုခု လုပ်မိလိမ့်မယ်"

သူ ထိုသို့ပြောကာ အဲဒီနေရာမှ ထွက်လာခဲ့သည်။ သူမကတော့ သူ ထိတို့ သွားတဲ့ နှုတ်ခမ်းလေးကို ပြန်ကိုင်ကြည့်ရင်း တစ်ခါမှ မလှုပ်ရှားဖူးတဲ့ သူမ နှလုံးသားက သူနဲ့တွေ့မှ တဒုတ်ဒုတ် မြည်နေလေသည်။ သူက သူမ ထင် ထားတာထပ် ပိုလို့တောင် မိုက်နေသေးသည်။

သူမ လက်ထဲက ဖုန်း ဒီး ဒီးနဲ့ မြန်လာတယ်ဆို သူမလည်း ဖုန်းကိုင်ကာ ဆေးရုံအပြင်ကို ထွက်လာခဲ့သည်။

"ဟယ်လို၊ ခွန်းဆက် ပြော"

"မင်း သတင်း ဖတ်ပြီးပြီလား ... မေ၊ မင်းကို ဝသုန်ရဲ့ ဒေါက်တာက တရားခံလို့ ထင်နေလို့ ငါ သတင်း တင်ခိုင်းလိုက်တာ၊ မင်း အဆင်ပြေရဲ့လား..."

ခွန်းဆက်ရဲ့ မေးခွန်းကို 'ရိုးရာမေ' ဘယ်လို ပြန်ဖြေရမှန်း မသိတော့။ အဆင်ပြေတယ်လို့ ဖြေလိုက်ရင် ကောင်းမလား၊ အဆင်မပြေဘူးလို့ ဖြေလိုက်ရင် ကောင်းမလား။ တကယ်တမ်း 'ရိုးရာမေ 'နှုတ်က ထွက်လာတာက။

"ဘာလို့ တင်လိုက်တာလဲ သူ ထင်ချင်နေသလို ထင်နေပါစေ၊ ငါက တရားခံ မဟုတ်ဘူးဆိုတာ သူက လွဲရင် အားလုံးသိတယ်။ ငါက ဝသုန့်ကို သေစေလိုတဲ့ ရည်ရွယ်ချက် ရှိခဲ့တာမှ မဟုတ်တာ၊ ဝသုန့်ကို စခန်း ခေါ်သွားရတယ် ဆိုတာကလည်း ကောင်လေးကို သတ်လိုက်တဲ့ တရားခံကို ဝသုန်က သိနေလို့ပဲ၊ ခွန်းဆက် သေချာတာတစ်ခုက ကောင်လေးကို သတ်တဲ့ တရားခံက ဝသုန့်အနားမှာ ရှိနေတယ် ထင်တယ်။ ဒါကြောင့် ဝသုန်ရဲ့စခန်းကို လာတာ မြင်ပြီး သူတို့အမှုကို ဝသုန်က ဖော်လိုက်မှာဆိုးလို့ ဝသုန် စခန်းက ထွက်လိုက်တာနဲ့ ကားအက်ဆီဒင့်လို ဖန်ဆင်းပြီး ဝသုန့်ကို အသေသတ်တာနေမယ် "

"ငါလည်း အဲဒီလိုထင်တယ် မေ၊ ငါ စခန်းရောက်တော့ ဗိုက်ထဲက ကလေးရဲ့ ဖခင်ကို စစ်ဆေးပြီးပြီ၊ မသင်္ကာစရာ ကောင်းတယ်။ ပြီးတော့ ဝသုန့်ကို တိုက်လိုက်တဲ့ ကားကလည်း မင်း ဝသုန့်ကို ခေါ်လာကတည်းက မင်း ကားနောက်မှာ ပါလာတာ "

"တောက်စ် "

'ရိုးရာမေ' တက် တစ်ချက်ခေါက်ကာ လက်သီးကို ပြင်းပြင်း ဆုပ်ထားလိုက်သည်။ 'ရိုးရာမေ'ဆိုတဲ့ သူမက မတရားတာကို လက်ပိုက်ကြည့်နေမဲ့

မိန်းမမှ မဟုတ်တာ။ ပြီးတော့ ဝသုန်မှာ အပြစ်ရှိနေမယ် ဆိုရင်တောင် ဝသုန့် ဗိုက်ထဲက ကလေးလေးက အပြစ် နည်းနည်းလေးတောင် မရှိ။

"ငါ အခုချက်ချင်း ပြန်လာခဲ့မယ် "

သူမ ထိုသို့ပြော၍ ဖုန်းချလိုက်ကာ ဆေးရုံဝန်းထဲကနေ ဒေါသတကြီး ကားကို မောင်းထွက်လာခဲ့သည်။ သူမ ဖုန်းပြောနေကတည်းက သူမဘေး မှာ ရှိနေတဲ့ 'မြဲဘဏ္ဍာ' ကိုတောင် သူမ မရိပ်မိလောက်အောင်ပင်။

***